# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 11 , 2025 Volume 86 , Number 8


၁၁ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၅၁.၅၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၁.၁၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၃.၇၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၁.၀၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၀ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၀၂၅ ခုနှစ် ပဲစင်းငုံအသစ်များ နယ်ဈေးကွက်တွင်အဝယ်သွက်နေ ရက်ပိုင်းအတွင်းကျွန်းစားတော်ပဲများဝင်ရောက်လာမည်



မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံအသစ်များ ဝင်ရောက်လာသော်လည်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ အောက်သာပေါက်ဈေးရှိနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

၂၀၂၅ ခုနှစ် ကျွန်းစားတော်ပဲအသစ်များ ဇန်နဝါရီ ၁၂ ရက် ခန့်တွင် စတင်ဝင်ရောက်လာမည်ဖြစ်ပြီး လက်ကျန်ပစ္စည်းမရှိတော့တာကြောင့် သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၅၀၀,၀၀၀ ဝန်းကျင်ပေါက်ဈေးရှိလာနိုင်ကြောင်း သုံးသပ်ထားသည်။

၂၀၂၅ ခုနှစ် ပဲစင်းငုံအသစ်များ စတင်ဝင်ရောက်လာရာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ အောက်သာ ပေါက်ဈေးရှိနေကြောင်း၊ အလားတူပြည်တွင်းသုံးကုလားပဲအုပ်စုမှာလည်း တစ်အိတ်လျှင်ငွေကျပ်သုံးသိန်းအောက်ရောက်နေကြောင်း မြေပဲဆန်မှာအဝယ်သွက်နေပြီးအနည်းငယ်ဈေးမြင့်တက်လာကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ကျွန်းစားတော်ပဲအသစ်များ စတင်ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

“၂၀၂၅ ခုနှစ် ပဲစင်းငုံအသစ်တွေ မန္တလေးဈေးကွက်အတွင်းစတင်ဝင်ရောက်လာပေမဲ့ဈေးကောင်းမဟုတ်သေးပါဘူး။ နယ်ဈေးကွက်မှာတော့ အရောင်းအဝယ်သွက်နေပါတယ်။ မြေပဲဆန်ဈေးလည်း အရောင်းအဝယ်ကောင်းလာတော့ ဈေးအနည်းငယ်မြင့်လာပါတယ်။ ပြည်တွင်းသုံးကုလားပဲတွေကတော့ တစ်အိတ်ကို ငွေကျပ် ၃၀၀,၀၀၀ အောက်ကျဆင်းနေပါတယ်။မကြာမီကျွန်းစားတော်ပဲတွေအသစ်ဝင်ရောက်တော့မှာပါ”ဟုဂင်းက ပြောသည်။

ဇန်နဝါရီ ၉ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ်၂၉၅,၀၀၀၊ ပဲစင်းငုံ

မှာပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ခန့် (နယ်ဈေး) ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာဈေးငြိမ်နေရာ ဇန်နဝါရီ ၉ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ ၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၈,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ အနည်းငယ်ဈေးကျဆင်းနေရာ ဇန်နဝါရီ ၉ ရက်တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၅၅,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၇၅,၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၅၅,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ၂၀၂၅ နှစ်စမှာလည်း မတ်ပဲဈေးထပ်မံကျဆင်းနေ



မတ်ပဲက ပြည်တွင်းပဲမျိုးစုံဈေးကွက်မှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ ပြည်ပဝယ်လိုအားကျဆင်းမှု၊ မိုးနှင့်ဆောင်း မတ်ပဲအသစ်တွေ ပေါ်လာမှုတွေကြောင့် ဈေးကွက်ဆက်တိုက်ကျဆင်းနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ ဈေးကွက်အတွင်း မိုးမတ်ပဲအသစ်တွေဝင်ရောက်နေသလို ဆောင်းမတ်ပဲအသစ်တွေလည်း စတင်ရိတ်သိမ်းနေကြပြီဖြစ်တာကြောင့် မတ်ပဲဈေးတန်းကျလာသလို မတ်ပဲကိုအဓိကဝယ်ယူတဲ့ အိန္ဒိယနိုင်ငံကလည်း မတ်ပဲဝယ်လိုအားလျော့ကျတဲ့အတွက် မြန်မာမတ်ပဲဈေးကွက်ကျဆင်းနေတာဖြစ်တယ်လို့သိရပါတယ်။

" အိန္ဒိယကလည်းသူတို့နိုင်ငံမှာ ပဲအသစ်တွေပေါ်နေတော့ မြန်မာကနေဝယ်လိုအားနည်းနေတယ်။ အိန္ဒိယမှာလည်း မတ်ပဲဈေးကွက်ကျတယ်။မတ်ပဲက အိန္ဒိယကဝယ်လိုအားကောင်းရင်ဈေးတက်တယ်။ ဝယ်လိုအားနည်းရင် ဈေးကကျတာပဲ။ အခုဆိုပြည်တွင်းမှာလည်း ပဲအသစ်တွေပေါ်နေတော့ဈေးကကျနေတာ" လို့ ကုန်သည်တစ်ဦးကပြောပါတယ်။

လက်ရှိဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ်ပဲ (FAQ )တစ်တန်ကို ၃,၁၉၀,၀၀၀ ကျပ်ဝန်းကျင်သာဈေးတန်းရှိပြီး နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ပြည်မြို့ကုန်စည်ဒိုင်မှာ ပိဿာ ၂၀ တစ်တင်းကို ၁၀၅,၀၀၀ ဝန်းကျင်ရှိကာ ဟသ်ာတကုန်စည်ဒိုင်မှာ ပိဿာ ၂၀ ကို ၉၅,၀၀၀ မှ ၁၀၀,၀၀၀ ကျပ်၊ အောင်လံကုန်စည်ဒိုင်မှာတော့ ၈၃,၀၀၀ မှ ၅၈,၀၀၀ ကျပ်သာဈေးရှိပါတယ်။

ပြီးခဲ့တဲ့၂၀၂၄ခုနှစ်ဒီဇင်ဘာလတုန်းက နှစ်သစ်ကူးရုံးပိတ်ရက်ကုန်စည်ဒိုင်တွေမပိတ်ခင် ၂၇ ရက်နေ့အထိမတ်ပဲ (FAQ) တစ်တန်ကို ၃,၃၂၀,၀၀၀ ကျပ်အထိရှိခဲ့ပါတယ်။

ဒီဇင်ဘာလ ၁၅ ရက်နေ့ကဆိုရင်မတ်ပဲ (FAQ )တစ်တန်ကို ၃,၅၀၀,၀၀၀ကျပ်ရှိခဲ့ပြီးဒီဇင်ဘာလ ၁ ရက်နေ့မှာဆိုရင် မတ်ပဲတစ်တန်ကို ၃,၅၄၀,၀၀၀ ကျပ်အထိရှိခဲ့ပါတယ်။

“ ဒီလောက်အထိပြန်ကျမယ်မထင်ခဲ့မိဘူး။ ဒါကြောင့်ပဲတွေကို အချိန်ကုန်တဲ့အထိလှောင်ထားတာ။ အခုတော့ ကျဈေးနဲ့ရောင်းရပြီးရှုံးတာပေါ့။ အရင်အတက်ဈေးနဲ့ယှဉ်ရင် ပဲတစ်တင်းကို ၃၀,၀၀၀ လောက်နစ်နာသွားတယ်” လို့ တောင်သူတစ်ဦးကပြောပါတယ်။

မနှစ်က ပြည်တွင်းပဲမျိုးစုံဈေးကွက်မှာ  မတ်ပဲ (FAQ )တစ်တန်ကို ၄၁ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ပိဿာ၂၀ ကို ၁၃၆,၀၀၀ ကျပ်အထိဈေးတန်းရှိခဲ့တယ်လို့ သိရပါတယ်။

အဲဒီနောက်မှာတော့ ပြည်တွင်းမတ်ပဲဈေးကွက်ကဆက်တိုက်ကျဆင်းလာပြီး ဒေသအလိုက်ဈေးနှုန်းကွာဟမှုတွေလည်းရှိခဲ့တယ်လို့သိရပါတယ်။

လက်ရှိမှာ မိုးမတ်ပဲအသစ်တွေဈေးကွက်ထဲဝင်ရောက်နေသလို ဆောင်းမတ်ပဲအသစ်တွေလည်း စတင်ရိတ်သိမ်းနေကြပြီး ဆောင်းမတ်ပဲလှိုင်လှိုင်ပေါ်တာကတော့ ဖေဖော်ဝါရီလလောက်မှာပေါ်မှာဖြစ်တယ်လို့ သိရပါတယ်။

မတ်ပဲကိုပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးမှာအဓိကအများဆုံးစိုက်ပျိုးပြီး  ကျန်ဒေသအချို့မှာလည်းအနည်းငယ်စိုက်ပျိုးမှုရှိကြပါတယ်။

Source : ချစ်ခွန်းချို **(AMIA)**

https://myanmaawba.com/

## မြစ်သားမြို့နယ်တွင် ဆောင်းပဲကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊  မြစ်သားမြို့နယ်၊ တောင်တောကုန်းရွာ၊ မြသုခ၊ ကံဆည်နှင့် ခင်လည်ကျေးရွာတို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို  လုပ်ကိုင်ကြပြီး  သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းပဲကြီးများကို စိုက်ဧက ၂၄၀ ခန့်စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလ၌စတင်စိုက်ပျိုးပြီး ၃ လအကြာတွင်  စတင်ရိတ်သိမ်းရကြောင်း၊  ပဲကြီးစိုက်ပျိုးရာတွင် ဘောင် စနစ်ဖြင့် စိုက်ပျိုးကြပြီးသီးသန့်စိုက်ပျိုးမှုနှင့်သီးညှပ်စိုက်ပျိုးမှုဟူ၍စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ အလုပ်သမားခ အပါအဝင်ပဲကြီးတစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၅ သိန်းခန့်ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချပြီး ထိုမှတစ်ဆင့်မန္တလေးမြို့နှင့်ရန်ကုန်မြို့တို့သို့တင်ပို့ရောင်းချကြောင်း၊ယခုအချိန်တွင် ပဲကြီးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီးသီးနှံထွက်ပေါ်ချိန်တွင်အထွက်နှုန်းကောင်းမွန်၍ဈေးကောင်းရရှိပါက တောင်သူများအကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## မကွေးဈေးကွက်မှာ မြေပဲဆန်အရောင်းအဝယ်သွက်နေပြီး ဈေးတက်လာ



မကွေးတိုင်းဒေသကြီးမှာ  မြေပဲဆန်လက်ကျန်နည်းလာနေပြီး  အရောင်းအဝယ်သွက်လာနေတဲ့အပြင်  ခုရက်ပိုင်းမှာမြေပဲဆန်ဈေးလည်းတက်လာတယ်လို့သိရပါတယ်။

ယခုနှစ်ဆောင်းမြေပဲရာသီမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ  မြေပဲစိုက်ဧကတွေပျက်စီးခြင်း၊  မြေပဲအထွက်နှုန်းသိသာစွာလျော့ကျခြင်းတွေကြောင့် မြေပဲလက်ကျန်နည်းပြီး ဈေးတက်လာတာဖြစ် တယ်လို့သိရပါတယ်။

မြေပဲလက်ကျန်နည်းတဲ့အခြေအနေကြောင့်  ပြည်တွင်းမြေပဲဈေးကွက်က  အကျဘက်ကိုမရောက်နိုင်ဘဲ  ဈေးထပ်တက်မဲ့အလားအလာရှိတယ်လို့ သိရပါတယ်။

“ မြေပဲအထွက်နှုန်းကအခုနှစ်မှာ  အထွက်နှုန်းထက်ဝက်လောက်ကို  လျော့ကျတဲ့အခြေအနေရှိပါတယ်။ လက်ကျန်တောင်

အခုကိုနည်းနေပြီ။ လက်ကျန်ပြတ်မဲ့အခြေအနေရှိတယ်။ဈေးကလည်းခုရက်တက်လာတယ်။တစ်ပိဿာကို ၃၀၀ လောက်တက်လာတယ်။ အကျမရှိဘူး။ အတက်ပဲရှိမယ်” လို့ မကွေးမြေပဲရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိမကွေးမှာ မြေပဲဆန်ဈေးက မြေပဲအနီလုံးဆန် တစ်ပိဿာကို တစ်ပိဿာ ၈၅၀၀ မှ ၈၆၀၀ ကျပ်၊ မြေပဲအဖြူလုံးဆန် တစ်ပိဿာကို ၈၇၀၀ မှ ၉၀၀၀ ကျပ်၊ မြေပဲဆန်အောက်ကျ ( ခွဲခြမ်း) တစ်ပိဿာကို ၇၅၀၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

မကွေးတိုင်းဒေသကြီးမှာ မြေပဲကို လက်ငင်းငွေချေစနစ်မဟုတ်ဘဲ တစ်လဆိုင်းအကြွေးစနစ်နဲ့ရောင်းချပါက ငွေလက်ငင်းအရောင်းအဝယ်စနစ်ထက်တစ်ပိဿာကို ၃၀၀ ကျပ်လောက် ဈေးပိုရရှိတယ်လို့သိရပါတယ်။

“ ယုံကြည်မှုနဲ့အကြွေးရောင်းကြတယ်။ တစ်လပြည့်ပေးပေါ့။ အရင်တပတ်ကအနီလုံးဆန်ဆိုရင် တစ်ပိဿာကိုငွေကျပ် ၈၅၀၀ ပဲရတယ်။ အခုဆိုလက်ငင်းငွေချေစနစ်ကို ငွေကျပ် ၈၅၅၀၊ ၈၆၀၀ ဖြစ်လာတယ်” လို့သူက ဆက်ပြောပါတယ်။

တရုတ်ကိုတင်ပို့ရောင်းချမှုမရှိပေမဲ့ လက်ကျန်နည်းတဲ့အခြေအနေကြောင့် ပြည်တွင်းဆီစက်ပိုင်တွေမှဝယ်လို အားကောင်းသလို အကြော်စုံလုပ်ငန်း၊ မုန့်လုပ်ငန်းတွေက အဝယ်ရှိတာကြောင့်လည်း ဈေးတန်းကတက်လာတာဖြစ်တယ်လို့သိ ရပါတယ်။

မြေပဲကိုတော့ မကွေးတိုင်းဒေသကြီးမှာအများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မှာလည်း စိုက်ပျိုးမှုများပြားတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ မိုးရာသီတုန်းကရာသီဥတုဖောက်ပြန်မှုကြောင့် မိုးများစွာရွာသွန်းပြီးမြေပဲစိုက်ခင်းတွေရေနစ်မြုပ်ပျက်စီးခဲ့ရသလို မိုးခေါင်ရေရှားမှုကြောင့်လည်း မြေပဲစိုက်ခင်းတွေပျက်စီးခဲ့ရပါတယ်။

**Source : (AMIA)**

**Myama Awaba Group**

## ကျောက်ဆည်မြို့နယ်၌ ဝွေးသီးသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ





မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်သည် မြေဆီမြေလွှာကောင်းမွန်သော ဒေသဖြစ်ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်လျက်ရှိရာသီးနှံမျိုးစုံစိုက်ပျိုးကြပြီး ရာသီမရွေးစိုက်ပျိုးနိုင်ပြီး နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့် ဝွေးပင်များကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဝွေးပင်သည် မြေအမျိုးအစားအမျိုးမျိုးတွင် ရှင်သန်ဖြစ်ထွန်းနိုင်ပြီး မိုးဦးကျကာလများတွင်စတင်စိုက်ပျိုးပါကအပင်များပိုမိုဖြစ်ထွန်းအောင်မြင်ကြောင်း၊ တစ်ဧကလျှင် အပင်ရေ ၅၀-၆၀ ခန့် စိုက် ပျိုးနိုင်ပြီး မျိုးအနေဖြင့် ခြောက်လဝွေးမျိုး၊ပင်ကြီးဝွေးမျိုးနှင့် တစ်နှစ်ပတ်လုံးသီးသော ဝွေးမျိုးဟူ၍ရှိရာ နှစ်ရှည်စားသုံးစိုက်ပျိုးသောပင်ကြီးဝွေးမျိုးကိုသာစိုက်ပျိုးကြကြောင်း၊ ဝွေးပင်များကို စိုက်ပျိုးပြီးသုံးနှစ်ခန့်အကြာတွင်ဝွေးသီးများ စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊မျိုးပင်၊သွင်းအားစု၊လုပ်သားခ အပါအဝင် တစ်ဧကလျှင်ငွေကျပ် ၈၅၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ဝွေးသီးသီးနှံသည်တစ်နှစ်လျှင်နှစ်ကြိမ်အသီးသီးပြီးတစ်ကြိမ်ခူးဆွတ်လျှင် တစ်ဧကလျှင် ၃၇-၄၀ တင်းခန့် ထွက်ရှိရာတစ်နှစ်လျှင်စုစုပေါင်း ၇၅-၈၀ တင်းခန့်ထွက်ရှိကြောင်း၊တစ်တင်းလျှင် လက်ကား ဈေးငွေကျပ် ၁၅,၀၀၀ ခန့်ဖြင့်ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအရောက် လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း၊ လာမည့်နှစ်များတွင် သွင်းအားစုကုန်ကျစရိတ်များနည်းပါးလာသည့်အတွက် အမြတ်ပိုမိုရရှိနိုင်ကြောင်း ဝွေးပင်စိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ပေါ်ဆန်းမွှေးဆန်ဈေးကျ၍ ဧည့်မထဆန်(ဟောင်း)၊ ဆန်ကွဲB(2,3,4)ဈေးများမြင့်တက်ကာ ဧည့်မထဆန် (သစ်)၊ ဆန်ကွဲB(1,2)နှင့်ဖွဲနုဈေးများတည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၃.၁.၂၀၂၅ ရက်နေ့တွင်ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၈၅,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ -သစ်) တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၃၅,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၅၈,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၈,၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၈,၁၂၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၁၀.၁.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၉၀,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၇၀,၀၀၀ ကျပ်၊ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၃၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၈,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၅၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၈,၁၂၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၅၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၂၀၀၀ကျပ်ဈေးတက်၍ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၅၀၀၀ကျပ် ဈေးကျဆင်းကာ ဧည့်မထဆန် (မနောသုခ)(သစ်)၊ ဆန်ကွဲ B(1,2)နှင့် ဖွဲနုဈေးများတည်ငြိမ်လျက်ရှိပါသည်။

ပေါ်ဆန်းမွှေးဆန်ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိနေပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပြီး ဧည့်မထဆန် (မနောသုခ)(ဟောင်း)၊ ဆန်ကွဲ B(2,3,4)ဈေးများ မြင့်တက်သွားခြင်းမှာ အဝယ်လိုက်လာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော အိန္ဒိယကုမ္ပဏီများအနေဖြင့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုမခံရအောင် ၎င်းတို့၏ ပို့ကုန်ပစ္စည်းများကို ဂရုတစ်စိုက်အကဲဖြတ်စစ်ဆေးရန်လိုကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က သတိပေးပြောကြား

ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော အိန္ဒိယကုမ္ပဏီများအနေဖြင့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုမခံရအောင် ၎င်းတို့၏ ပို့ကုန်ပစ္စည်းများကို ဂရုတစ်စိုက်အကဲဖြတ်စစ်ဆေးရန်လိုကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က သတိပေး ပြောကြားလိုက်ကြောင်း သိရသည်။

၎င်းတို့အနေဖြင့် တင်ပို့လိုက်သောထုတ်ကုန်ပစ္စည်းများနှင့် အဆိုပါပစ္စည်းတို့၏ အစိတ်အပိုင်းများသည် ရုရှားနှင့်ယူကရိန်း ပဋိပက္ခကိုအထောက်အကူပြုသည့် တားမြစ်အမည်များစာရင်း၌ ပါဝင်ခြင်း ရှိ/မရှိ သေချာစွာ စိစစ်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု The Hindu Businessline သတင်းဌာနက ဇန်နဝါရီလ ၉ ရက်က ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှစီးပွားရေးပိတ်ဆို့အရေးယူမှုဆိုင်ရာအဖွဲ့များမှ တာဝန်ရှိသူများသည် အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ အထူးဦးစားပေးတားမြစ်အမည် ၅၀ မျိုးပါဝင်သော ၎င်းတို့ပူးတွဲထုတ်ပြန်ထားသည့် စာရင်းပါအချက်အလက်များကိုဖော်ပြကာ အဆိုပါကုန်ပစ္စည်းအမျိုးအမည်များအား ရုရှားစစ်မြေပြင်သို့ဝင်ရောက်မလာစေရေး သတိထားဆောင်ရွက်ကြရန် ပညာပေးဆွေးနွေးခဲ့ကြောင်း အဆိုပါကိစ္စနှင့်နီးစပ်သောရင်းမြစ်တစ်ခုက Businessline သို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအစောပိုင်းကအမေရိကန်ပြည်ထောင်စုစက်မှုနှင့်လုံခြုံရေးဗျူရို (US Bureau of Industry and Security) နှင့် နိုင်ငံရပ်ခြားရပိုင်ခွင့်များထိန်းချုပ်ရေးဌာန (Office of Foreign Assets Control)တို့ မှ အဖွဲ့များနှင့် ဥရောပသမဂ္ဂ အရေးယူပိတ်ဆို့ရေးဆိုင်ရာ အထူးသံတမန် David Sullivan ဦးဆောင်သော အဖွဲ့တစ်ခုတို့မှ အိန္ဒိယနိုင်ငံသို့လာရောက်၍ ယင်းသို့ သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသို့ တင်ပို့လိုက်သောပစ္စည်းများသည် အရပ်ဘက်သုံးပစ္စည်းများပင် ဖြစ်လင့်ကစား အကယ်၍ဖြုတ်ယူရရှိသော အချို့အစိတ်အပိုင်းများကို စစ်ဘက်၌ သုံးစွဲနိုင်သည့် အလားအလာမျိုးရှိပါက ပိတ်ဆို့အရေးယူခံရနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် ဂျပန်နိုင်ငံတို့မှပူးတွဲပြင်ဆင်ထုတ်ပြန်ခဲ့သော အဆိုပါ အထူးဦးစားပေးတားမြစ်ကုန်ပစ္စည်းများအနက် အိုင်စီများ၊ ရေဒီယိုကြိမ်နှုန်း လွှင့်ထုတ်/ ဖမ်းယူစက်များ၊ ပုံနှိပ်ထားသော လျှပ်စစ်ပတ်လမ်းပြားများဖြင့် ပြုလုပ်ထားသော အီလက်ထရောနစ်ကိရိယာအစိတ်အပိုင်းများနှင့်စစ်မြေပြင်မှသိမ်းဆည်းရရှိသော အဆင့်မြင့်တိကျပြီးရှုပ်ထွေးသော သတ္တုအစိတ်အပိုင်းများကို ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်းများပြုလုပ်ဆောင်ရွက်နိုင်ရန်လိုအပ်သော ပစ္စည်းအမျိုးအမည်များပါဝင်ကြောင်း သိရသည်။

အဆိုပါတားမြစ်ကုန်များစာရင်းတွင် အီလက်ထရောနစ်ပစ္စည်းများဖြစ်သော အိုင်စီများအပါအဝင်အရပ်ဘက်သုံးနှင့် စားသုံးသူသုံးကုန်စည်အများအပြားပါဝင်လျက်ရှိသဖြင့် အိန္ဒိယကုမ္ပဏီများအနေဖြင့် အဆိုပါကုန်စည်များ၏မည်သည့်အစိတ်အပိုင်းများသည်အရပ်ဘက်သုံးနှင့်စစ်ဘက်သုံးပစ္စည်းများဟုတ် /မဟုတ် သိရှိရန်မလွယ်ကူကြောင်း အဆိုပါရင်းမြစ်ကပြောကြားခဲ့သည်။

သို့သော် အနောက်အုပ်စုမှ ဒဏ်ခတ်အရေးယူမှုများတွင် ဘဏ်စာရင်းနှင့် ရပိုင်ခွင့်များ ထိန်းသိမ်းခြင်း၊ ပို့ကုန်တားမြစ်ခြင်းတို့ပါဝင်သဖြင့် အိန္ဒိယကုမ္ပဏီများအနေဖြင့် သတိပြုရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့အထိ ကမ္ဘာတစ်ဝှန်းမှ အရေးယူပိတ်ဆို့ထားသောအဖွဲ့အစည်းနှင့်လူပုဂ္ဂိုလ် ၄၀၀ ပါဝင်သောစာရင်းကို အမေရိကန်ပြည်ထောင်စုမှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

၎င်းတို့သည် ရုရှား-ယူကရိန်းပဋိပက္ခကို တစ်နည်းနည်းဖြင့် ကူညီထောက်ပံ့သူများဖြစ်ပြီး အိန္ဒိယမှကုမ္ပဏီအဖွဲ့အစည်း ၁၉ ခုနှင့် အိန္ဒိယလူမျိုး ၂ ဦးတို့ပါဝင်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ နေ့က ဥရောပသမဂ္ဂမှ ထုတ်ပြန်ခဲ့သော ကုမ္ပဏီသစ် ၃၂ ခုပါ အလားတူစာရင်းတစ်ခုတွင် အိန္ဒိယ ကုမ္ပဏီဖြစ်သော Triac Electronics ကုမ္ပဏီပါဝင်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်မှ အမေရိကန်သမ္မတတာဝန်အား ပြန်လည်ရယူသည့်အချိန်မှစ၍ အဆိုပါပိတ်ဆို့အရေးယူမှုများလျော့ကျလာဖွယ်ရှိသော်လည်း ဥရောပသမဂ္ဂ၊ ယူကေ၊ ဂျပန်၊ ဩစတြေးလျနှင့်ကနေဒါနိုင်ငံတို့မှ အရေးယူပိတ်ဆို့မှုများမှာ လျော့ကျဖွယ်မရှိသဖြင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သတိပြုရန်လိုကြောင်း အစိုးရအရင်းအမြစ်တစ်ခုက ပြောကြားခဲ့သည်။

၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ရုရှားနိုင်ငံသို့ ပို့ကုန်တင်ပို့မှု ကန်ဒေါ်လာ ၄ ဒသမ ၂၆ ဘီလီယံရှိပြီး၊ ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၃ ဒသမ ၁၄ ဘီလီယံသာရှိသည့်အတွက် နှစ်အလိုက် တိုးတက်မှု ၃၅ ဒသမ ၄၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တစ်ဖက်တွင် တစ်နိုင်ငံလုံး၏ ပို့ကုန်မှာ ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၄၅၁ ဘီလီယံရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင်ကန်ဒေါ်လာ ၄၃၇ ဘီလီယံရှိ၍ ၃ ဒသမ ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ အိန္ဒိယနိုင်ငံမှ ရုရှားနိုင်ငံသို့တင်ပို့မှု ကန်ဒေါ်လာ ၃ ဒသမ ၀၄ ဘီလီယံရှိပြီး ၃၀ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အဓိကပို့ကုန်ပစ္စည်းများမှာ ဈေးကလီးယားရီအက်တာများ၊ ဘွိုင်လာများ၊ စက်ကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများ၊အီလက်ထရောနစ်ကိရိယာများနှင့်အစိတ်အပိုင်းများ၊ဓာတုနှင့်ဆေးဝါးပစ္စည်းများဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့ဦးဆောင်သော အနောက်အုပ်စုမှ အိန္ဒိယပို့ကုန်လုပ်ငန်းများအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများနှင့် ယင်းသို့ဒဏ်ခတ်မခံရအောင်သတိပေးပြောကြားမှုအခြေအနေများကို သိရသည်။

**Ref: The Hindu Businessline, US, EU advise Indian exporters to Russia of careful evaluation of products to avoid sanctions, January 09, 2025.**

**စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ၏သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံအထိရှိလာ

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံအထိအမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ်အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော်လွန်ခဲ့ကြောင်း ဗီယက်နမ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်း (Vinafruit) ၏ အဆိုအရသိရသည်။

ဇန်နဝါရီ ၁ ရက်နေ့ကပြုလုပ်သည့် အသင်း၏ပဉ္စမအကြိမ်မြောက် ညီလာခံတွင် Vinafruit ၏ ဥက္ကဋ္ဌဖြစ်သူ Nguyen Thanh Binh က ဤကဏ္ဍမှ စုစုပေါင်းပို့ကုန်တန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံနီးပါးမှ ၂၀၂၃ ခုနှစ် တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံအထိ တိုးလာခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် တစ်နှစ်ထက်တစ်နှစ် ၂၇ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကာ စံချိန်တင်အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံ အထိရောက်ရှိခဲ့ကြောင်း ကြေညာခဲ့သည်။

မကြာသေးမီနှစ်များအတွင်း ထိုသို့ တိုးတက်မှုရရှိခြင်းသည် CPTPP၊ RCEP၊ EVFTA၊ UKVFTA နှင့် ACFTA ကဲ့သို့သော လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များ (FTAs)ကြောင့် ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုဈေးကွက်ချဲ့ထွင်နိုင်ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါသဘောတူညီချက်များကြောင့် တရုတ်၊ အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်၊ထိုင်း၊ နယ်သာလန်နှင့် ဩစတြေးလျ တို့ကဲ့သို့သော အဓိကဈေးကွက်များအပါအဝင် ကမ္ဘာတစ်ဝှန်းရှိနိုင်ငံနှင့်ဒေသ ၈၀ ကျော်သို့ ဗီယက်နမ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ တင်ပို့နိုင်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

တရုတ်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ကနေဒါ၊ အာဆီယံနိုင်ငံများနှင့် ဥရောပသမဂ္ဂ (EU) ကဲ့သို့သော အဓိကဈေးကွက်များတွင် ပို့ကုန်ဈေးကွက်ဆက်လက်တိုးချဲ့ရန်မျှော်လင့်ပါကြောင်းနှင့် Vinafruit သည် ၂၀၃၀ ခုနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရောက်ရှိရန် ရည်မှန်းချက်ချမှတ်ထားကြောင်း သိရသည်။

အဆိုပါရည်မှန်းချက်အောင်မြင်ရန် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်လုပ်ငန်းအနေဖြင့်ကမ္ဘာ့အစိမ်းရောင်စီးပွားရေးလမ်းကြောင်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ သဘာဝအရင်းအမြစ်များပြန်လည်အသုံးပြုသည့် စိုက်ပျိုးရေးကိုမြှင့်တင်ခြင်းနှင့် သဘာဝအရင်းအမြစ်များကိုရေရှည်တည်တံ့စွာအသုံးပြုမှုသေချာစေရေးတို့ကိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဤကဏ္ဍအနေဖြင့် နိုင်ငံတကာဈေးကွက်များ၏ တိုးတက်ပြောင်းလဲနေသော လိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက် ခေတ်မီနည်းပညာများကို ပေါင်းစပ်ခြင်းဖြင့် ထုတ်လုပ်မှုနှင့် စီမံဆောင်ရွက်မှုများတွင် စံချိန်စံညွှန်းမီသည့်လုပ်ငန်းစဉ်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**Source: The Saigon Times**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm/

## RCEP နိုင်ငံများသို့ ကမ္ဘောဒီးယားပို့ကုန် ၁၄ ရာခိုင်နှုန်းအထိ တိုးတက်လာ



၂၀၂၄ ခုနှစ်၊ ပထမ ၁၁ လအတွင်း ကမ္ဘာဒီးယားနိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (RCEP) နိုင်ငံများသို့ ကုန်ပစ္စည်းအမေရိကန်ဒေါ်လာ ၈,၂၅၅ သန်းတင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ်အလားတူကာလ အမေရိကန်ဒေါ်လာ ၇,၂၁၉ သန်းမှ ၁၄ ဒသမ ၃၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ခဲ့သောအစီရင်ခံစာအရသိရသည်။

ကုန်သွယ်မှုအခွန်ကောက်ခံမှုလုံးဝနီးပါးမရှိသော ဒေသတွင်းကုန်သွယ်မှုစာချုပ်အောက်တွင် ပို့ကုန်လုပ်ငန်းရှင်များသည် ကုန်သွယ်မှုသဘောတူညီချက်ကို အခွင့်ကောင်းယူနိုင်ခဲ့ပြီး ကမ္ဘောဒီးယားမှ ပို့ကုန်နှင့်သွင်းကုန်များတိုးလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်ရှိသူ Penn Sovicheat ကပြောကြားခဲ့သည်။

ကြီးမားသောကုန်သွယ်မှုသဘောတူစာချုပ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ပို့ကုန်များသာမက RCEP ၏ ကြီးမားသောဈေးကွက်များသို့ တင်ပို့မှုပိုမိုထုတ်လုပ်နိုင်စေရန် အတွက် ကမ္ဘောဒီးယားနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို အဓိကတွန်းအားပေးနေကြောင်း ကမ္ဘောဒီးယားကုန်သည်ကြီးများအသင်း၊ ဒုတိယဥက္ကဋ္ဌ Lim Heng ကပြောကြားခဲ့သည်။

RCEP နိုင်ငံများသည် ကမ္ဘောဒီးယားနိုင်ငံ၏ အလားအလာရှိသောဈေးကွက်အဖြစ်ဆက်လက်တည်ရှိနေပြီး ကမ္ဘောဒီးယားနိုင်ငံသည် ပို့ကုန်တိုးတက်မှုနှုန်း ၉ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအကြားရှိရန်မျှော်မှန်းထားပြီး အမျိုးသားစီးပွားရေးတိုးတက်မှုနှုန်း ၂ ရာခိုင်နှုန်းမှ ၃ ဒသမ ၈ ရာခိုင်နှုန်းအကြားရှိလာမည်ဟုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေဝန်ကြီးဌာနမှမျှော်မှန်းထားသည်။

RCEP သည် ကမ္ဘောဒီးယားနိုင်ငံအတွက် အရေးပါသောဈေးကွက်တစ်ခုဖြစ်ပြီး နိုင်ငံပို့ကုန်စုစုပေါင်း၏ထက်ဝက်ကျော်ကို တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**Source : Khmer Times**

DOCA(ရန်ကုန်)

https://www.doca.gov.mm/

## လာအိုနိုင်ငံသည် ခရီးသွားများကို ဆွဲဆောင်ရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန်အတွက် ခရီးသွားကဏ္ဍကိုတိုးမြှင့်ဆောင်ရွက်လျက်ရှိ



လာအိုနိုင်ငံသည် ခရီးသွားကဏ္ဍကို ပိုမိုဆွဲဆောင်ရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်ရန် ၎င်း၏ခရီးသွားလုပ်ငန်းကဏ္ဍကိုမြှင့်တင်ရန်လုပ်ဆောင်လျက်ရှိသည်။

လာအိုမြို့တော် ဗီယင်ကျန်းတွင် လက်မှုပစ္စည်းရောင်းချသူ Soutvimon ကထွန်းကားလာသော ခရီးသွားလုပ်ငန်းသည်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ဒေသတွင်းစီးပွားရေးမြှင့်တင်ရန်နှင့်လူမှုအသိုင်းအဝိုင်းများ အတွက်ရေရှည်စီးပွားရေးအကျိုးကျေးဇူးများဆောင်ကြဉ်းပေးမည်ဟုပြောကြားခဲ့သည်။

လာအိုနိုင်ငံပြန်ကြားရေးယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် Visit Laos Year 2024 ခရီးသွားမြှင့်တင်ရေး

ကမ်ပိန်းကိုအကောင်အထည်ဖော်အကဲဖြတ်ရန်အစည်းအဝေးကိုခေါ်ယူခဲ့ပြီး အနာဂတ်ခရီးသွားလုပ်ငန်းအစပျိုးမှုများအတွက် အခြေခံအချက်များချမှတ်ခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက်နေ့က ပြုလုပ်ခဲ့သောအဆိုပါအစည်းအဝေးတွင်လာအိုနိုင်ငံပြန်ကြားရေး၊ယဉ်ကျေးမှုနှင့်ခရီးသွားလာရေး ဝန်ကြီး Suansavanh Viyaket က အစိုးရ၏ခရီးသွားလုပ်ငန်းကိုအရေးပါသော စီးပွားရေးကဏ္ဍတစ်ခုအဖြစ် အစိုးရ၏ကတိက ဝတ်ကိုအလေးပေးပြောကြားခဲ့ပြီး အလုပ်အကိုင်ဖန်တီးရေး၊ ဝင်ငွေတိုးတက်ရေးနှင့် နိုင်ငံခြားငွေစီးဆင်းမှုတို့တွင် သိသိသာသာ အထောက်အကူဖြစ်စေမည့် အခန်းကဏ္ဍကိုမီးမောင်းထိုးပြခဲ့သည်။

လာအိုနိုင်ငံသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့်ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် အာရုံစိုက်ကာ ၎င်း၏ခရီးသွားလုပ်ငန်းကဏ္ဍကိုမြှင့်တင်ရန်အစီအစဉ်တစ်ရပ်ကိုချမှတ်လျက်ရှိသည်။

လမ်းဘေးအစားအစာရောင်းချသူ Phengchanh က ခရီးသွားလုပ်ငန်းများတိုးလာသည်နှင့်အမျှ ဈေးဝယ်သူဖောက်သည် များပိုများလာမည်ဖြစ်ပြီး ပြည်တွင်းဈေးသည်များအားလုံးအတွက် ပိုပိုမိုကောင်းမွန်သောအခွင့်အလမ်းများဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (11.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 100 (Shares) | 320,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 100 | 320,000 | 38,929,150 | 124,573 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 0 | 0 | 29,664,613 | 56,363 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 0 | 0 | 12,823,224 | 39,752 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 0 | 0 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,300 | 0 | 0 | 10,497,598 | 45,140 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 0 | 0 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 11th Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.53 | +0.00 | +0.00% | 389.53 | 389.53 | 389.53 | 100 | 320,000 | 8 | 734,723 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 11th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 100 (Shares) | 320,000 (MMK) |

| MYANPIX | 389.53 ▲ 0.00 |
|---|---|
| Total Volume (shares) | 100 |
| Total Value (MMK) | 0.32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 734,723 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,100 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |